


VOLUME I, ISSUE 21 14 February 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပွင့်ဖြူမြို့နယ်ရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီး မဟာဇေယျာဘုံရွှေထီးတော်၊ ဝဇီရကေတုစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအား ကြည့်ရှုလေ့လာ | ၄ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ | ၆ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် စိုက်ပျိုးရေးတောင်သူများအား တွေ့ဆုံ | ၈ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများအား ကြည့်ရှုစစ်ဆေး | ၁၀ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား | ၁၂ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ<br>ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် ကြားနာဆဲပြစ်မှုဆိုင်ရာအမှုများ<br>ပိတ်သိမ်းရေးအမိန့်များထုတ်ပြန် | ၁၇ |
| ၈ | အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု<br>ညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ တွေ့ဆုံ | ၁၉ |
| ၉ | နိုင်ငံရေးပါတီ(၂၆)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက် | ၂၀ |
| ၁၀ | ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနား<br>သို့ ဖိတ်ကြားခြင်းနှင့်စပ်လျဉ်း၍ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှ<br>ဖိတ်ခေါ်ပန်ကြားချက်များထုတ်ပြန် | ၂၁ |
| ၁၁ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၌<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ် | ၂၂ |
| ၁၂ | ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့်<br>ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ | ၂၃ |
| ၁၃ | လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်လျက် PDF<br>အကြမ်းဖက်သမားများက ရထားသံလမ်းပေါ်ရှိ တံတားများအား<br>မိုင်းထောင်ဖောက်ခွဲဖျက်ဆီး | ၂၅ |
| ၁၄ | အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏<br>လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊<br>အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား<br>ဆက်လက်ဖော်ထုတ်အရေးယူ | ၂၇ |
| ၁၅ | အကြမ်းဖက်အဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့ခြင်းနှင့်<br>တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း၌<br>စစ်သင်တန်းတက်ရောက်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ် | ၂၇ |

# Information Sheet

## ပွင့်ဖြူမြို့နယ်ရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီး မဟာဇေယျာဘုံရွှေထီးတော်၊ ဝဇီရကေတုစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ လယ်ကိုင်းကျေးရွာအုပ်စု သက်သာပန်းတောင်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ စကြာပန်းတောင်းစေတီတော် မဟာဇေယျာဘုံရွှေထီးတော်၊ ဝဇီရကေတု စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ၊ စလင်းဆရာတော်ကြီး အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီးဒေါ်ကြူကြူလှနှင့် မိသားစုဝင်များ၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ စေတနာရှင် အလှူရှင်များ၊ တက်ရောက်ခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် မိသားစုဝင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်နှင့် လှူဖွယ်ပစ္စည်းများအား နိုင်ငံတော် သြဝါဒါစရိယ၊ စလင်းဆရာတော်ကြီးအမှူးပြုသည့် သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး၊ မိသားစုဝင်များနှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား မင်္ဂလာရထားပျံဖြင့်



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်ကြီးများထံမှ ကိုးပါးသီလ ခံယူနေကြမှု**

စေတီတော်အထွတ်သို့ ပင့်ဆောင်၍ တင်လှူပူဇော်ခဲ့ကြပြီး နောက် စေတီတော်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်ခဲ့ ကြကာ စေတီတော်ပရိဝုဏ်အတွင်း၌ ပရိဘောဂစေတီတော် မြတ်ဖြစ်သည့် မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ခဲ့ကြပါသည်။

စကြာပန်းတောင်းစေတီတော်မြတ်ကြီးအား ဗုဒ္ဓသာ သနာတော်ကြီး စည်ပင်ပြန့်ပွားအကျိုးများစေရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် ဇနီး၊ မိသားစုဝင်များ၊ စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် မူလဉာဏ်တော် ၉ တောင်ရှိသော စေတီ တော်ကို ထပ်မံ၍ ဉာဏ်တော် ၄၅ ပေ အမြင့် တိုးမြှင့်တည် ထားပူဇော်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဖေဖော်ဝါရီလ ၁၀ ရက်တွင် မဟာဓေယျာဘုံ ရွှေထီးတော်၊ ဝဇီရကေတု စိန်ဖူးတော် တင် လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၂-၂၀၂၂)**

- **မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်ရှိ သက်သာပန်းတောင်းကျေးရွာ ရွာဦးဘုန်းတော်ကြီး ကျောင်းတိုက် ဝတ္ထုကံတော်အတွင်းရှိ စကြာပန်းတောင်းစေတီတော် မဟာဓေယျာဘုံရွှေထီးတော်၊ ဝဇီရကေတု စိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သြဝါဒါစရိယ၊ စလင်းဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူခဲ့။**
- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ငှက်မြတ် နားတော်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်၍ တင်လှူပူဇော်ခဲ့ကြပြီးနောက် စေတီတော်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ခဲ့ကြကာ စေတီတော်ပရိဝုဏ်အတွင်း၌ ပရိဘောဂစေတီတော်မြတ် ဖြစ်သည့် မဟာဗောဓိပင်ပျိုကို စိုက်ပျိုးပူဇော်ခဲ့။**
- **စကြာပန်းတောင်းစေတီတော်မြတ်ကြီးအား ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ပြန့်ပွား အကျိုးများစေရန် ရည်ရွယ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ မိသားစုဝင်များ၊ စေတနာရှင်၊ အလှူ ရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် မူလဉာဏ်တော် ၉ တောင်ရှိသော စေတီတော်ကို ထပ်မံ၍ ဉာဏ်တော် ၄၅ ပေ အမြင့် တိုးမြှင့်တည်ထားပူဇော်ခဲ့ခြင်းဖြစ်။**

## ပွင့်ဖြူမြို့နယ်ရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီး မဟာဇေယျာဘုံရွှေထီးတော်၊ ဝဇီရကေတုစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းနေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မင်္ဂလာမော်ကွန်းကျောက်စာတိုင်အား ပရိတ်ရည်ပက်ဖျန်းဖွင့်လှစ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဗောဓိပင်ပျိုးစိုက်ပျိုးနေမှု





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီးက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကာ စေတီတော်အထွတ်သို့ ပင့်ဆောင်တင်လှူပူဇော်နေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအား ကြည့်ရှုလေ့လာ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းအား ကြည့်ရှုလေ့လာနေမှု**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီး ဒေါ်ကြူကြူလှ၊ တာဝန်ရှိသူများနှင့် ၎င်းတို့၏ ဇနီးများ လိုက်ပါ၍ ဖေဖော်ဝါရီလ ၉ ရက်တွင် မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာတို့၏ သမိုင်းအကျဉ်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနအနေဖြင့် ရှေးဟောင်းယဉ်ကျေးမှုလက်ရာများကို ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ အဆိုပါ ပျူမြို့ဟောင်း ၃ ခုအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများအဖြစ် သတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများသည် တန်ဖိုးဖြတ်၍မရသည့်အတွက် ရှေးဟောင်းအမွေအနှစ်နေရာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ရှေးဟောင်းအမွေအနှစ်ဧရိယာအတွင်း ရှေးဟောင်းပစ္စည်းများ၊ လက်ရာများကို ထိခိုက်စေနိုင်သည့် လုပ်ငန်းလုပ်ဆောင်မှုများမရှိစေရေး ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး တားမြစ်သင့်သည်များကို တင်းတင်းကြပ်ကြပ် တားမြစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများ ဆက်လက်တူးဖော်မှုနှင့် ထိန်းသိမ်းမှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုကဲ့သို့ မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ် တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားဂုဏ်ယူမှုတို့ကို ဖြစ်ပေါ်လာအောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း။



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြနေမှု**

- အရှေ့တောင်အာရှတွင် အစောဆုံးမြို့ပြယဉ်ကျေးမှု(Civilization)သည် ပျူမြို့များဖြစ်ပြီး ၎င်းပျူမြို့များနှင့်ပတ်သက်၍ တရုတ်နိုင်ငံနှင့် အခြားနိုင်ငံများတွင်လည်း ယဉ်ကျေးမှု သမိုင်းအထောက်အထားများရှိခဲ့ကြောင်း။
- သမိုင်းကို သိမှသာလျှင် မိမိနိုင်ငံ၊ လူမျိုးတို့၏ ယဉ်ကျေးမှုကိုသိမည်၊ တိုင်းပြည်ကို ချစ်မြတ်နိုးမည်၊ တန်ဖိုးထားမည်ဖြစ်သည့်အတွက် သမိုင်းအမွေအနှစ်များကို မပျောက်ပျက်ရန်နှင့် ရေရှည်တည်မြဲမှုရှိစေရန် အစဉ်အဆက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။
- အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင်လည်း ရှေးဟောင်းယဉ်ကျေးမှု သမိုင်းအမွေအနှစ်များနှင့်ပတ်သက်သည်များကို ပညာပေးထည့်သွင်းသင်ကြားရန် လိုကြောင်း။

မိမိတို့နိုင်ငံ၌ မြို့ပြယဉ်ကျေးမှုကို ပျူခေတ်(ဘီစီ ၃ ရာစု- ၂ ရာစု)ကတည်းက စတင်ခဲ့ပြီး ၎င်းခေတ်ကတည်းက မိမိနိုင်ငံ၏ ခမ်းခမ်းနားနား၊ ထည်ထည်ဝါဝါဖြစ်မှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုတို့ကို စောစောဖော်ထုတ်၍ စုံစုံလင်လင်ပြသနိုင်ရေး ဆက်လက်ကြိုးပမ်းသွားရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ပြတိုက်အတွင်းပြသထားရှိသည့် ဗိဿနိုးမြို့ဟောင်းမြေပုံ၊ မြို့ဝင်ပေါက် မြို့ရိုး၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ စာပေဆိုင်ရာအထောက်အထားများ၊ ပျူခေတ်အုတ်များ၊ တော်ဝင်ဗိသုကာများ၊ ပျူခေတ်အသုံးအဆောင်ပစ္စည်းများ၊ ပြကွက်များနှင့် ဗိဿနိုးမြို့ဟောင်းအတွင်းရှိ KKG–2 ဘုန်းကြီးကျောင်းပန္နက်ပုံရှိ အဆောက်အဦ၊ KKG–3 စေတီပန္နက်ပုံရှိ အဆောက်အဦ၊ KKG–4 ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်အဆောက်အဦ၊ BTO– 1၊ BTO– 2၊ BTO– 3၊ BTO– 4၊ BTO– 5 နန်းတော်ရာ အတွင်း၊ အပြင် အုတ်ရိုးများကို ကြည့်ရှုလေ့လာခဲ့ပါသည်။

အဆိုပါ ဗိဿနိုးမြို့ဟောင်းသည် ၁၉၀၅ ခုနှစ်တွင် မြန်မာနိုင်ငံရှေးဟောင်းသုတေသနဌာနမှ စူးစမ်းလေ့လာခဲ့ပြီး ၁၉၅၉ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ မြို့ဟောင်းအတွင်း စုစုပေါင်း (၆၆) ကုန်းကို တူးဖော်သုတေသနပြုခဲ့ပြီးဖြစ်ကြောင်း၊ ဗိဿနိုးမြို့ဟောင်းကို တူးဖော်မှုများစတင်စဉ် တူးဖော်မှုကုန်းအမှတ်များကို ကုက္ကိုခွရွာအား အစွဲပြု၍ KKG ဟုအမည်ပေးခဲ့ပြီး ၁၉၉၅ ခုနှစ်မှ စတင်၍ ဗိဿနိုး BTO ဟူသော ကုန်းအမည်အတိုအမှတ်ကို ပြောင်းလဲသုံးစွဲခဲ့ကြောင်း၊ ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူမြို့ဟောင်းများကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပြုလုပ်သည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီ ညီလာခံက "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ" အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၂-၂၀၂၂)**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြတိုက်အတွင်း ကြည့်ရှုလေ့လာနေမှု

- ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပျူမြို့ဟောင်းများသည် တန်ဖိုးဖြတ်၍မရသည့်အတွက် ရှေးဟောင်းအမွေအနှစ်နေရာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်။
- မိမိနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ခြင်းဖြင့် တိုင်းပြည်အပေါ် တန်ဖိုးထားမှုနှင့် မျိုးချစ်စိတ်ရှင်သန်ထက်မြက်မှု၊ တိုင်းပြည်၏ ရှေးဟောင်းယဉ်ကျေးမှုကို တန်ဖိုးထားဂုဏ်ယူမှုတို့ကို ဖြစ်ပေါ်လာအောင်လုပ်ဆောင်ရမည်ဖြစ်။
- အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များတွင်လည်း ရှေးဟောင်းယဉ်ကျေးမှုသမိုင်း အမွေအနှစ်များနှင့်ပတ်သက်သည်များကို ပညာပေးထည့်သွင်းသင်ကြားရန်လို။
- နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့်အဖွဲ့ဝင်များသည် ပြတိုက်အတွင်းပြသထားရှိသည့် ဗိဿနိုးမြို့ဟောင်းမြေပုံ၊ မြို့ဝင်ပေါက်မြို့ရိုး၊ ရှေးခေတ်အသုံးအဆောင်ပစ္စည်းများ၊ စာပေဆိုင်ရာအထောက်အထားများ၊ ပျူခေတ်အုတ်များ၊ တော်ဝင်ဗိသုကာများနှင့် ပျူခေတ်အသုံးအဆောင်ပစ္စည်းများ၊ ပြကွက်များကို ကြည့်ရှုလေ့လာခဲ့။
- ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာပျူမြို့ဟောင်းများကို ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပြုလုပ်သည့် (၃၈) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ်ကော်မတီညီလာခံက "ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသများ"အဖြစ် သတ်မှတ်ခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ဖေဖော်ဝါရီလ ၁၀ ရက်တွင် နယ်မြေခံတပ်ဌာနချုပ် ဧည့်ခန်းမဆောင်၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားခဲ့ရာတွင်-

- မြစ်ချောင်းများအတွင်း ငါးများစနစ်တကျစိုက်ထည့်ရန်လိုအပ်ကြောင်း၊ နွားနှင့် ဆိတ်များ မွေးမြူရာတွင်လည်း လှောင်မွေးသည့်စနစ်ဖြင့် မွေးမြူမည်ဆိုပါက မွေးမြူရေးပိုင်းတွင်သာမက စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့် သဘာဝဓာတ်မြေဩဇာများပါ ရရှိမည်ဖြစ်သဖြင့် ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း။



- မကွေးတိုင်းဒေသကြီးအတွင်း အသားတိုးကြက်များသာမက ဥစားကြက်များကိုပါ အရေအတွက်များများ မွေးမြူသင့်ကြောင်း၊ ကြက်များမွေးမြူရာတွင် ခေတ်မီမွေးမြူရေးစနစ်ဖြစ်သည့် လေအေးပေးစနစ် (Evaporation Type) ဖြင့် မွေးမြူပါက ပိုမိုဖြစ်ထွန်းသည်ကို တွေ့ရှိရကြောင်း။
- ဆီထုတ်လုပ်မှုနှင့်ပတ်သက်၍ ဆီကြိတ်စက်များ ခေတ်မီအောင်ဆောင်ရွက်ရန် လိုကြောင်း၊ ကြိတ်ဖတ်များမှ မြေသြဇာနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်နိုင်ရမည်ဖြစ်ကြောင်း။
- ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း တစ်ဧကအထွက်နှုန်းများ ယခုထက်ပိုမို တိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း။
- နိုင်ငံတော်ပိုင် လယ်ထွန်စက်စက်ရုံများမှ လယ်ထွန်စက်များ ထုတ်လုပ်ရန် လိုသကဲ့သို့ ပုဂ္ဂလိကပိုင်စက်ရုံများကိုလည်း မြေတောင်မြှောက်ပေးရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း။
- စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဧကကွက်များဖြင့် စိုက်ပျိုး၍ စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ်အား ဖော်ဆောင်ရာတွင် ကုန်ထုတ်လုပ်ငန်းများပါ ထည့်သွင်းဆောင်ရွက်ပေးရန် လိုကြောင်းနှင့် စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားရှားပါးမှုပြဿနာများကိုလည်း ပြေလည်စေမည်ဖြစ်ကြောင်း။
- ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးပြီး လိုအပ်ချက်များကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးရန်လိုကြောင်း၊ အုပ်ချုပ်ရေးပိုင်း၌ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ ဥပဒေအရ ပေးထားသည့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ အုပ်ချုပ်သည့် အစိုးရအဖွဲ့အနေဖြင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်တို့တွင် ဥပဒေနှင့်အညီ ပြည်သူများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးရန် လိုသဖြင့် လုပ်သင့်သည့်အရာအားလုံး လုပ်ဆောင်ရန်လိုကြောင်းဖြင့် မှာကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများတက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၁-၂-၂၀၂၂)**

- **နိုင်ငံတော်ပိုင် လယ်ထွန်စက်စက်ရုံများမှ လယ်ထွန်စက်များ ထုတ်လုပ်ရန် လိုသကဲ့သို့ ပုဂ္ဂလိကပိုင်စက်ရုံများကိုလည်း မြေတောင်မြှောက်ပေးရန်လိုကြောင်း၊ ထိုသို့ထုတ်လုပ်ရာတွင်လည်း အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများသုံးစွဲနိုင်ရေး ဆောင်ရွက်ပေးရန်လို။**

- စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကေကွက်များဖြင့်စိုက်ပျိုး၍ စက်မှုလယ်ယာစနစ်ဖြင့် ဆောင်ရွက်ရန်လို၊ စက်မှုလယ်ယာစနစ်အား ဖော်ဆောင်ရာတွင် ကုန်ထုတ်လုပ်ငန်းများပါ ထည့်သွင်းဆောင်ရွက်ပေးရန်လို၊ စက်မှုလယ်ယာစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် အလုပ်သမားရှားပါးမှု ပြဿနာများကိုလည်း ပြေလည်စေမည်ဖြစ်ကြောင်း။
- ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးပြီး လိုအပ်ချက်များကို တတ်နိုင်သလောက် ဖြည့်ဆည်းပေးရန်လို၊ အုပ်ချုပ်ရေးပိုင်း၌ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဖြင့်သာ ဆောင်ရွက်လျက်ရှိ၍ ဥပဒေအရပေးထားသည့် လုပ်ပိုင်ခွင့်များအတိုင်း ဆောင်ရွက်ရန်လို၊ အုပ်ချုပ်သည့်အစိုးရအဖွဲ့အနေဖြင့် မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်ဆင့်တို့တွင် ဥပဒေနှင့်အညီ ပြည်သူများ၏ ကောင်းကျိုးအတွက် ဆောင်ရွက်ပေးရန် လိုသဖြင့် လုပ်သင့်သည့် အရာအားလုံး လုပ်ဆောင်ရန်လို။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖနှင့် စိုက်ပျိုးရေးတောင်သူများအား တွေ့ဆုံ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် စိုက်ပျိုးရေးတောင်သူများအား ဖေဖော်ဝါရီလ ၉ ရက်တွင် မကွေးမြို့၊ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားခဲ့ရာတွင်-

- မကွေးတိုင်းဒေသကြီးအတွင်းရှိ လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ကျေးလက်တွင် နေထိုင်ကြခြင်းဖြစ်ရာ စိုက်ပျိုးရေးအား အလေးထားလုပ်ဆောင်ပါက အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။
- အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းတွင် မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် ဓာတ်မြေဩဇာများထည့်သွင်းရန်၊ ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လိုကြောင်း။
- ရေကိုအကျိုးရှိစွာအသုံးချရန်လိုသကဲ့သို့ နေရောင်ခြည်စွမ်းအင်ကိုလည်းအကျိုးရှိရှိ အသုံးချရန်လိုအပ်ရာ မကွေးတိုင်းဒေသကြီးအတွင်း မိုးရွာရက်မှာ ပျမ်းမျှ ရက် ၇၀ သာရှိသဖြင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ရကြောင်း။
- မကွေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ရေအားထိန်း၍ရသည့်နေရာများရှိပြီး အဆိုပါနေရာများ၌ တမံနိမ့် (Low head Dam) များဆောက်လုပ်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ သွားလာမှုမပြတ်စေဘဲ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်၍ရနိုင်ကြောင်း။





**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက တင်ပြဆွေးနွေးနေမှု**

- မကွေးတိုင်းဒေသကြီးအတွင်းရှိ နွားချေး၊ ကျွဲချေး၊ ကြက်ချေးများအား စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးရှိစွာ အသုံးချနိုင်သည်ဖြစ်ရာ မြေဩဇာရရှိရေးနှင့်ပတ်သက်၍လည်း သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများရှိနေကြောင်း။
- မွေးမြူရေးလုပ်ငန်းများ ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်ရာတွင် လူသားအရင်းအမြစ်များလိုအပ်ရာ မကွေးတိုင်းဒေသကြီးတွင် စိုက်ပျိုးရေးသိပ္ပံကျောင်းများကိုလည်း ထပ်မံဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အနည်းဆုံး ၉ တန်းအောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးကျောင်းများကို တက်ရောက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို ပိုမိုတတ်ကျွမ်းမည်ဖြစ်ကြောင်း။
- စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဝမ်းစာဖူလုံရေး တိုးတက်အောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားမြေပေါ်တွင် စနစ်တကျဖြင့် စိုက်ပျိုးပြီး အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လိုကြောင်း။
- ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း ဝါမျိုးကောင်းမျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေးနှင့် ရေလုံလောက်စွာရရှိရေးအတွက် အရေးကြီးကြောင်း။
- မြန်မာနိုင်ငံမှထွက်ရှိသည့် ဝါများသည် မိမိတို့နိုင်ငံတွင် သုံးစွဲရန်အတွက် လုံလောက်မှုရှိသော်လည်း အဆင့်မီသည့် ချည်မျှင်များ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်ချက်များရှိနေသေးကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်ပြည်ပမှ ချည်မျှင်များ တင်သွင်းနေရခြင်းကြောင့် အဆင့်မီသည့်ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကုန်သွယ်မှုလိုငွေများ များစွာရှိခဲ့ကြောင်း၊ ရှိပြီးသားစက်ရုံများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ သွင်းကုန်ဦးစားပေးမှုကြောင့် ထိုသို့ကုန်သွယ်မှုလိုငွေများ များပြားနေရခြင်းဖြစ်ရာ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း။
- မိမိတို့အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် မူဝါဒချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံးအနေဖြင့် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မိမိတို့ဒေသတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းကြဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးမောင်းဟာ၊ ဦးရွှေကြိမ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ သက်ခိုင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၀-၂-၂၀၂၂)**

- မကွေးတိုင်းဒေသကြီးအတွင်း ရေဝတီမြစ်ရေအားထိန်း၍ရသည့် နေရာများရှိပြီး အဆိုပါနေရာများ၌ တမံနိမ့် (Low head Dam) များ ဆောက်လုပ်၍ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်းများ သွားလာမှု မပြတ်စေဘဲ တစ်နှစ်ပတ်လုံးစိုက်ပျိုးရေ လုံလောက်စွာရရှိရေး ဆောင်ရွက်၍ရနိုင်ကြောင်း။
- အတန်းပညာရှိမှသာ အတတ်ပညာရှိမည်ရာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင်လည်း အနည်းဆုံး ၉ တန်း အောင်ချိန်တွင် စိုက်ပျိုးမွေးမြူရေးကျောင်းများကို တက်ရောက်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးပညာရပ်များကို ပိုမိုတတ်ကျွမ်းမည် ဖြစ်ကြောင်း။
- စိုက်ပျိုးရေးနှင့်ပတ်သက်၍ ဝမ်းစာဖူလုံရေး တိုးတက်အောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးမြေများ တိုးချဲ့ခြင်းထက် ရှိပြီးသားမြေပေါ်တွင် စနစ်တကျဖြင့် စိုက်ပျိုးပြီး အထွက်နှုန်းတိုးအောင် ဆောင်ရွက်ရန်လိုကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်ပြည်ပမှ ချည်မျှင်များ တင်သွင်းနေရခြင်းကြောင့် အဆင့်မီသည့်ဝါဂွမ်းများကို စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံအနေဖြင့် ၂၀၁၀ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ကုန်သွယ်မှုလိုငွေများ များစွာရှိခဲ့ကြောင်း၊ ရှိပြီးသားစက်ရုံများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ သွင်းကုန်ဦးစားပေးမှုကြောင့် ထိုသို့ကုန်သွယ်မှုလိုငွေများ များပြားနေရခြင်းဖြစ်ရာ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးရန်လိုကြောင်း။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများအား ကြည့်ရှုစစ်ဆေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကွေးမြို့ ပြည်သူ့ဆေးရုံရှိ သားဖွားမီးယပ်နှင့် မွေးကင်းစကလေးငယ်ကုသဆောင်အား ကြည့်ရှုစစ်ဆေးနေမှု

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ဖေဖော်ဝါရီလ ၉ ရက်တွင် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး (၃)ထပ်ကုသဆောင်နှင့် ဖေဖော်ဝါရီလ ၁၀ ရက်တွင် မင်းဘူးမြို့ ခုတင်(၂၀၀)ဆံ့ ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တာဝန်ရှိသူများက ဆေးရုံများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ်က–

- မကွေးတိုင်းဒေသကြီးအတွင်း မွေးဖွားကလေးသေဆုံးမှုနှုန်းမြင့်မားသဖြင့် ယခုသားဖွားမီးယပ်နှင့် မွေးကင်းစကလေး (၃) ထပ်ကုသဆောင် တည်ဆောက်ခြင်းကြောင့် တိုင်းဒေသကြီးအတွင်း များစွာအကျိုးရှိမည်ဖြစ်ကြောင်း။




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မကွေးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တင်ပြရှင်းလင်းနေမှု**




**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မင်းဘူးမြို့ပြည်သူ့ဆေးရုံကြီးရှိ ကျန်းမာရေးဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများပေးအပ်နေမှု**

- မကွေးမြို့သည် အချက်အခြာကျသည့် လမ်းဆုံမြို့တစ်ခု ဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရန် လိုကြောင်း။
- ၂၀၂၁ ခုနှစ်၊ ဧပြီလအတွင်း မကွေးမြို့သို့ မိမိရောက်ရှိစဉ် ကျန်းမာရေးဝန်ကြီး၏တင်ပြချက်အရ ဆေးရုံသစ်ကြီးတွင် တပ်ဆင်ရန်ကျန်ရှိနေသည့် ဆေးရုံသုံးပစ္စည်းများ အမြန်ရရှိရေးအတွက် ဂျပန်နိုင်ငံမှ တာဝန်ရှိသူများနှင့် ချက်ချင်းဆွေးနွေးခဲ့ရာ ယခုအခါ ဆေးရုံသုံးပစ္စည်းများ ရောက်ရှိပြီဖြစ်ကြောင်း။
- ဆေးရုံအတွက် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် အရေးပေါ်မီးအတွက် အသုံးပြုနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံးဆိုလာလျှပ်စစ်မီးများ တပ်ဆင်ရန်လိုကြောင်း။
- မင်းဘူးမြို့၊ ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်စက် ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဆေးရုံတွင် လာရောက်ပြသသည့် လူနာများ အဆင်ပြေစွာဖြင့် ကုသနိုင်ရေး စီမံဆောင်ရွက်ပြင်ဆင်ထားရန်လိုကြောင်း ပြောကြားခဲ့ပါ သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့၊ ဆေးရုံသစ်ကြီးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခြင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များသည် မင်းဘူးအထွေထွေရောဂါကုဆေးရုံကြီးအတွက် ဆေးပဒေသာပင် ရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၁-၂-၂၀၂၂)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးမှူးက မင်းဘူးမြို့ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်နေသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တင်ပြရှင်းလင်းနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အသစ်ထပ်မံဆောက်လုပ်ထားရှိသည့် သားဖွားမီးယပ်နှင့် မွေးကင်းစကလေး (၃)ထပ်ကုသဆောင်နှင့် မင်းဘူးမြို့ ခုတင် (၂၀၀)ဆံ့ ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့။
- မကွေးမြို့သည် အချက်အခြာကျသည့် လမ်းဆုံမြို့တစ်ခုဖြစ်သဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရန်လို။
- မကွေးဆေးရုံသစ်ကြီးတွင် တပ်ဆင်ရန်ကျန်ရှိနေသည့် ဆေးရုံသုံးပစ္စည်းများ အမြန်ရရှိရေးအတွက် ဂျပန်နိုင်ငံမှ တာဝန်ရှိသူများနှင့် ချက်ချင်းဆွေးနွေးခဲ့ရာ ယခုအခါ ဆေးရုံသုံးပစ္စည်းများ ရောက်ရှိပြီဖြစ်။
- မင်းဘူးမြို့၊ ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးတွင် ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် လိုအပ်သည့် အောက်ဆီဂျင်စက် ပြန်လည်လည်ပတ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဆေးရုံတွင်လာရောက်ပြသသည့် လူနာများ အဆင်ပြေစွာဖြင့် ကုသနိုင်ရေးစီမံဆောင်ရွက်ပြင်ဆင်ထားရန်လို။
- နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အလှူရှင်များသည် မင်းဘူးအထွေထွေရောဂါကုဆေးရုံကြီးအတွက် ဆေးပဒေသာပင်ရန်ပုံငွေ ကျပ်သိန်း ၁၅၀ နှင့် ကျန်းမာရေးဝန်ထမ်းများနှင့် လူနာများအတွက် စားသောက်ဖွယ်ရာများပေးအပ်ခဲ့။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဖေဖော်ဝါရီလ ၁၃ ရက်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအား နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားခဲ့ပါသည်။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားကို သိုက်သိုက်ဝန်းဝန်းဖြင့် ကြီးကျယ်ခမ်းနားစွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး အခမ်းအနားသို့ ဧည့်ပရိတ်သတ်များမပါ ကျောင်းသား၊ ကျောင်းသူများနှင့် ဝန်ထမ်းစုစုပေါင်း ၁၀,၄၀၀ ကျော် အခမ်းအနား တက်ရောက်ခဲ့ကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း အခက်အခဲများကြားမှပင် မိမိတို့တိုင်းဒေသကြီးနှင့် ပြည်နယ်



များ၏ဒေသအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ထုတ်ဖော်ပြသနိုင်ခဲ့သဖြင့် သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် ဝန်ကြီးဌာနများ၏ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကိုလည်း ကျေးဇူးတင်ရှိကြောင်း။

- စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကြီးကို ကြိုတင်ပြင်ဆင်ချိန် နည်းပါးခဲ့သော်လည်း အားလုံးညီညွတ်စွာစုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင် မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း။
- မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါ်များရေးကို နိုင်ငံ၏လုပ်ငန်းစဉ် ပထမအချက်အနေဖြင့် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။
- ဒုတိယအချက်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာဖြစ်အောင် တည်ဆောက်ရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်ကြောင်း။
- တတိယအချက်အနေဖြင့် နိုင်ငံ၏ခြေအင်အား တိုးတက်လာချိန်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာချိန်၊ နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝ အကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်၊ စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည်များကို နိုင်ငံတော်မှ ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသူ၊ နိုင်ငံသားအားလုံးပါဝင်သော စုစည်းညီညွတ်သည့် ကာကွယ်မှုဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။
- တစ်ပါးသူများကို လိုအပ်သည်ထက် ပိုမိုအားကိုးနေခြင်းထက် မိမိကိုယ်ကို ရပ်တည်ပြီး ကြိုးစားဆောင်ရွက်မှသာ နိုင်ငံတိုးတက်မည်ဖြစ်သဖြင့် ပြည်တွင်း၏အားဖြင့်သာ နိုင်ငံတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။
- မြန်မာနိုင်ငံအတွင်းရှိ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့သည် အခြားပြည်နယ်များထက် လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ ရာသီဥတု ပြင်းထန်ခြင်း၊ စိုက်ပျိုးမြေရှားပါးခြင်း သစ်တောနှင့် သယံဇာတ ထွက်ရှိမှု နည်းပါးခြင်း၊ တောတောင်ထူထပ်၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှုများကြောင့် ပညာရေး၊ ကျန်းမာရေးစသည့် အခက်အခဲများရှိနေသည့်အတွက် ထိုသို့အခက်အခဲများရှိနေသည့် ပြည်နယ်များကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းချစ်၊ ပြည်ချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန်လိုကြောင်း။
- မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည့် ပြည်နယ်များကို ဦးစားပေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရန်လိုအပ်ပြီး အချို့ပြည်နယ်များတွင် ပညာရေးအရ အားနည်းသဖြင့် လူ့စွမ်းအားအရင်းအမြစ်များနည်းပါးသည်ကို တွေ့ရှိရသောကြောင့် ပြည်နယ်များ၏ ပညာရည်မြှင့်တင်ရေးအတွက် လက်တလောကာလတွင် ဦးစားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။



- ယခုအခါ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသော်လည်း အချို့ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှု၊ ပညာရေးဝန်ထမ်းများ လျော့နည်းမှုနှင့် ခြိမ်းခြောက်ခံရမှုတို့ကြောင့် ပညာသင်ကြားနိုင်မှုမရှိသည်ကိုတွေ့ရှိရကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဦးစားပေးအလေးထားဆောင်ရွက်ကြရန်လိုကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာသင်ကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး အားပေးကူညီဆောင်ရွက်ကြရန်နှင့် ပညာသင်ကြားရေးအတွက် တာဝန်ပြန်လည် ထမ်းဆောင်လိုသည့် ဝန်ထမ်းများရှိပါကလည်း ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးရန်လိုကြောင်း။
- ပညာရေးဝန်ထမ်းများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ အမျိုးသမီးများဖြစ်ကြသဖြင့် အများအားဖြင့် ရက်တတ်ကြောက်တတ်မှုရှိကြသည့်အတွက် အဆိုပါအားနည်းချက်ကို အခွင့်ကောင်းယူအသုံးချကာ အကြောင်းအမျိုးမျိုးဖြင့် ခြိမ်းခြောက် ဆောင်ရွက်ခြင်းများပြုလုပ်၍ အနိုင်ကျင့်ဆောင်ရွက်မှုများရှိသဖြင့် မိမိတို့အနေဖြင့် ကာကွယ်ဆောင်ရွက်ပေးရန်လိုကြောင်း။
- ပညာသင်ကြားရေးနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများကို ပညာအရည်အချင်းအလိုက် ချီးမြှင့်ငွေများ ချီးမြှင့်ပေးလျက်ရှိပြီး ဆက်လက်၍လည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။
- ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် မျှော်မှန်းသက်တမ်းမှာ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကျန်းမာမှသာ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှသာ အလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် ၁၉၉၅ ခုနှစ်ခန့်မှစ၍ မွေးထုတ်ပေးလိုက်သည့် ဆေးတက္ကသိုလ်အသီးသီးမှ ကျောင်းဆင်းဆရာဝန်များ များစွာရှိပြီး ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝင်ရောက်ထမ်းဆောင်ပါက အင်အားအရ လုံလောက်သည်ထက်ပင် ပိုမိုသော်လည်း အများစုမှာ နိုင်ငံအတွက် တာဝန်ထမ်းဆောင်ခြင်းထက် ကိုယ်ပိုင်ဆေးခန်းများဖွင့်လှစ်ခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ ဆောင်ရွက်နေကြခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း။
- ယခင်က ဝေးလံခေါင်ဖျားသည့်ဒေသများတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်ချက်အရ တပ်မတော်မှဆရာဝန်များကို တာဝန်ထမ်းဆောင်နိုင်ရန် စေလွှတ်ပေးခဲ့ချိန်တွင်လည်း ကန့်ကွက်မှုများရှိခဲ့ကြောင်း။
- နိုင်ငံ့တာဝန်များကို သစ္စာရှိစွာဖြင့် ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လေးနက်စွာ အသိအမှတ်ပြုသကဲ့သို့ CDM ပြုလုပ်သွားသည့် ကျန်းမာရေး

ဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

- စီးပွားရေးနှင့်ပတ်သက်၍ မြေပေါ်မြေအောက် သယံဇာတများ၊ ရေနှင့်မြေများကို အကျိုးရှိစွာ အသုံးချရန်လိုကြောင်း။
- စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေသြဇာများလိုအပ်ချက်ရှိသည့်အတွက် ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများကို လှောင်မွေးသည့်စနစ်ဖြင့် စနစ်တကျ မွေးမြူဆောင်ရွက်ခြင်းဖြင့် ဇီဝမြေသြဇာများ ရရှိမည်ဖြစ်ကြောင်း။
- စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုတွဲဖက်၍ ဆောင်ရွက်မည်ဆိုပါက လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများရှိပြီး အဆင့်မြင့်ချည်များ ထုတ်လုပ်နိုင်ရေး ဝါမျိုးကောင်းမျိုးသန့်များရရှိရေးအတွက် ပြည်ပနိုင်ငံများမှ ရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှချည်ထည်များအား ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖိုးခန့် တင်သွင်းခဲ့ရကြောင်း၊ အဆင့်မြင့်ချည်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ရန်လိုကြောင်း။
- ဆောက်လုပ်ရေးလုပ်ငန်းအတွက် လိုအပ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်လုပ်မှု ကုန်ကျစရိတ်များပြားသဖြင့် အပြည့်အဝ ထုတ်လုပ်နိုင်မှုမရှိသေးကြောင်း၊ ပြည်တွင်းလိုအပ်ချက်အား ပြည်ပမှတင်သွင်းခြင်းထက် ပြည်တွင်းရှိ စက်ရုံများကို အပြည့်အဝလည်ပတ်၍ အတတ်နိုင်ဆုံး ထုတ်လုပ်ပေးနိုင်မည်ဆိုပါက ပြည်ပ ငွေကုန်ကျမှုများစွာ လျော့နည်းသွားမည်ဖြစ်ပြီး ပြည်တွင်းစီးပွားရေး ကောင်းမွန်လာမည်ဖြစ်ကြောင်း။
- မိမိတို့နိုင်ငံတွင် ပြည်ပကြေးမြီများစွာရှိပြီး နှစ်စဉ်ပြန်လည်ပေးဆပ်နေရမှုများပြားကြောင်း၊ ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ ပြည်ပမှတင်သွင်းမှုများ အများဆုံးဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ များပြားခဲ့ခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု လွဲမှားခဲ့ခြင်းများကြောင့် မိမိတို့နိုင်ငံအတွက် ငွေကြေးမြောက်များစွာ ဆုံးရှုံးနစ်နာမှုများ ရှိခဲ့ကြောင်း။
- ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းသည် နိုင်ငံအတွက် များစွာ အကျိုးဖြစ်ထွန်းစေသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။
- ကျေးလက်နေပြည်သူများ ပညာရေး၊ စီးပွားရေးနှင့် လူနေမှုဘဝမြင့်တင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။
- မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်အား တာဝန်ယူဆောင်ရွက်ရာတွင် အချိန်ကာလအားဖြင့် နည်းပါးသောကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှ လွဲ၍ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ထိန်းသိမ်းဆောင် ရွက်ရန်လိုကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအားလုံး ဒေသအလိုက် ဖွံ့ဖြိုးရေးအတွက် စိတ်စေတနာကောင်းစွာဖြင့် ဆောင်ရွက်ကြမည်ဆိုပါက မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့။

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၏ ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က–

- စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုမှုများကို အတတ်နိုင်ဆုံး မဖြစ်မနေ အခြေအနေမှသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်၊ ချောင်းများမှ ရေကို နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချကြစေလိုကြောင်း။
- အဆိုပါ မြစ်၊ ချောင်းများတွင် လျှပ်စစ်ထုတ်လုပ်နိုင်ပါက ဓာတ်အားမဂ္ဂဝပ် ၄၀,၀၀၀ ကျော် ထုတ်လုပ်နိုင်မည့်ဟု ပညာရှင်များက ခန့်မှန်းထားကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေအနေများလည်း များစွာရှိကြောင်း။
- လျှပ်စစ်မီးနှင့် စက်သုံးဆီချွေတာရေးကိစ္စနှင့်စပ်လျဉ်း၍ လျှပ်စစ်မီးသုံးစွဲရာတွင် ဓာတ်အားသုံးစွဲမှုကို လျော့နည်းစေသည့် လျှပ်စစ်ပစ္စည်းများကို သုံးစွဲခြင်းအားဖြင့် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့်ရာခိုင်နှုန်း များစွာလျော့

နည်းသွားမည်ဖြစ်ပြီး ငွေကြေးကုန်ကျမှု သက်သာစေမည်ဖြစ်ကြောင်း။

- စက်သုံးဆီကို ပြည်ပမှအများဆုံး မှာယူတင်သွင်းနေရသည့်အတွက် နှစ်စဉ်တိုင်းပြည်မှ နိုင်ငံခြားငွေများစွာ သုံးစွဲနေရ၍ အမှန်တကယ် သုံးစွဲရန်လိုအပ်သည့် ကိစ္စရပ်များ၌သာ သုံးစွဲကြစေလိုကြောင်း။
- တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တာဝန်ရှိသူများအနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ကောင်းမွန်ရေးနှင့် မြို့ပတ်ရထားများ အပြည့်အဝ ပြေးဆွဲနိုင်ရေးကို အလေးထား စီစဉ်ဆောင်ရွက်သွားစေလိုသည့်အပြင် ကုန်စည်ပို့ဆောင်မှုကောင်းမွန်စေရေးအတွက် ရထားများပုံမှန် ပြေးဆွဲနိုင်ရေး၊ ဘူတာရုံများ စနစ်တကျရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။
- နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲရေးကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားရန်လိုကြောင်း မှာကြားခဲ့။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၁၄-၂-၂၀၂၂)**

- **စိန်ရတုပြည်ထောင်စုနေ့ အခမ်းအနားကြီးကို ကြိုတင်ပြင်ဆင်ချိန်နည်းပါးခဲ့သော်လည်း အားလုံးညီညွတ်စွာ စုစည်း၍ စနစ်တကျဖြင့် ခမ်းခမ်းနားနား ဆောင်ရွက်နိုင်ခဲ့သဖြင့် သမိုင်းတွင် မှတ်ကျောက်တစ်ခုအဖြစ် မှတ်တမ်းတင်နိုင်ခဲ့။**
- **မိမိတို့အစိုးရအနေဖြင့် တိုင်းပြည်သာယာဝပြောမှုရှိရန်၊ စားရေရိက္ခာပေါများရေးကို နိုင်ငံ၏လုပ်ငန်းစဉ် ပထမအချက်အနေဖြင့် ဦးစားပေးဆောင်ရွက်နေခြင်းဖြစ်ပြီး ဒုတိယအချက်အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို တည်ဆောက်ရန်ဖြစ်။**
- **တတိယအချက်အနေဖြင့် နိုင်ငံ၏နေအင်အားနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာချိန်နှင့် နိုင်ငံရေးအရလည်း တည်ငြိမ်မှုရှိလာသည့်အချိန်တွင် နိုင်ငံ၏လုံခြုံရေးကို အပြည့်အဝ အကာအကွယ်ပေးနိုင်သည့် ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အား ပြည်တွင်းအားဖြင့် တည်ဆောက်၍ စွမ်းရည်ရှိသည့် စွမ်းအားရှိသည့် တပ်မတော်ဖြစ်စေရန် ဆောင်ရွက်ရမည်ဖြစ်။**
- **မိမိတို့ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး ဆောင်ရွက်ရာတွင် လိုအပ်ချက်များရှိသည့် ပြည်နယ်များကို ဦးစားပေးဆောင်ရွက်ပေးသွားမည်ဖြစ်။**
- **တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက် ပညာသင်ကြားရေးကို အားပေးဆောင်ရွက်ရန်နှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး ပညာသင်ကြားနိုင်ရေး ဦးစားပေးအလေးထား ဆောင်ရွက်ကြရန်။**
- **ဆေးတက္ကသိုလ်အသီးသီးမှ မွေးထုတ်ပေးလိုက်သည့် ကျောင်းဆင်းဆရာဝန်များ များစွာရှိပြီး ပြည်တွင်းရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ဝင်ရောက်ထမ်းဆောင်ပါက အင်အားအရ လုံလောက်သည်ထက်ပင် ပိုမိုသော်လည်း အများစုမှာ နိုင်ငံအတွက်တာဝန်ထမ်းဆောင်ခြင်းထက် ကိုယ်ပိုင်ဆေးခန်းများ ဖွင့်လှစ်ခြင်းနှင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများကိုသာ ဆောင်ရွက်နေကြခြင်းကြောင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် လိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိ။**

- နိုင်ငံ့တာဝန်များကို သစ္စာရှိစွာဖြင့် ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း လေးနက်စွာ အသိအမှတ်ပြုသကဲ့သို့ CDM ပြုလုပ်သွားသည့် ကျန်းမာရေးဝန်ထမ်းများ တာဝန်ပြန်လည်ထမ်းဆောင်ရေးအတွက်လည်း တာဝန်ရှိသူများက ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလို။
- စီးပွားရေးနှင့်ပတ်သက်၍ မြေပေါ်မြေအောက်သယံဇာတများ၊ ရေနှင့်မြေများကို အကျိုးရှိစွာ အသုံးချရန်လို။
- မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှချည်ထည်များအား ယမန်နှစ်က အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံဖိုးခန့် တင်သွင်းခဲ့ရ၍ အဆင့်မြင့်ချည်များ ပြည်တွင်း၌ ထုတ်လုပ်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုများကို အားပေးဆောင်ရွက်ရန်လို။
- ယခင်က ပြည်တွင်းစက်မှုလုပ်ငန်းများနှင့် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးမှုမရှိဘဲ ပြည်ပမှ တင်သွင်းမှုများ အများဆုံးဆောင်ရွက်ခဲ့သဖြင့် ကုန်သွယ်မှုလိုငွေများ များပြားခဲ့ခြင်းဖြစ်ကြောင်း၊ စီမံခန့်ခွဲမှု လွဲမှားခဲ့ခြင်းများကြောင့် မိမိတို့နိုင်ငံအတွက် ငွေကြေးမြောက်များစွာ ဆုံးရှုံးနစ်နာမှုများရှိခဲ့။
- မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်အား တာဝန်ယူဆောင်ရွက်ရာတွင် အချိန်ကာလအားဖြင့် နည်းပါးသောကြောင့် ပညာရေး၊ ကျန်းမာရေးနှင့်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများမှလွဲ၍ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ထိန်းသိမ်းဆောင်ရွက်ရန်လို။
- စိုက်ပျိုးမြေများ လျော့နည်းမှုမရှိစေရေးအတွက် အခြားနည်းဖြင့် အသုံးပြုမှုများကို အတတ်နိုင်ဆုံး မဖြစ် မနေ အခြေအနေမှသာ ဆောင်ရွက်ကြစေလိုပြီး နိုင်ငံအတွင်း စီးဆင်းနေသည့် မြစ်၊ ချောင်းများမှ ရေကို ချွေ၊ မိုး၊ ဆောင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် လူသားအကျိုးပြုလုပ်ငန်းများတွင် အကျိုးရှိရှိ အသုံးချကြစေလို။
- နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ခြိုးခြံချွေတာ၍ စနစ်တကျသုံးစွဲရေးကို တာဝန်ရှိသူများက အလေးထားဆောင်ရွက်သွားရန်လို။

## စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်နှင့် ကြားနာဆဲပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းရေးအမိန့်များထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်တွင် ကျရောက်သည့် စိန်ရတုပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ထာဝရငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် ထိုက်သင့်သောပြစ်ဒဏ်အသီးသီးကို ကျခံပြီးဖြစ်သည့် အကျဉ်းသူ/သားတို့အား ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဝင်များနှင့် ဆက်စပ်သူများ၏ကြားနာစစ်ဆေးဆဲပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းသည့်အမိန့်များ ထုတ်ပြန်ခဲ့ပါသည်-

- အမိန့်အမှတ်၊ ၁၄/ ၂၀၂၂အရ ဘားအံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသည့် ဒေါ်နန်းခင်ထွေးမြင့်အား ပြစ်ဒဏ်များ၏ ထက်ဝက်ကာလ လွတ်ငြိမ်းသက်သာခွင့်ပြုခဲ့။
- အမိန့်အမှတ်၊ ၁၅/ ၂၀၂၂ အရ အကျဉ်းထောင်အသီးသီးတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အကျဉ်းသားများအနက် ထိုက်သင့်သောပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့်ပြင် စည်းကမ်းကောင်းမွန်စွာနေထိုင်ကြသော အကျဉ်းသား(၈၁၄) ဦးတို့အား ၎င်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းချမ်းသာခွင့်ပြု။
- အမိန့်အမှတ်၊ ၁၆/၂၀၂၂ အရ အင်းစိန်အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော သီရိလင်္ကာနိုင်ငံသား (၇) ဦးတို့ကို လူသားချင်းစာနာထောက်ထားမှုကို အလေးထားသောအားဖြင့် “နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်” ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ၎င်းတို့ကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကို လွတ်ငြိမ်းခွင့်ပြု။

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရ အကျဉ်းသားများအား စေလွှတ်ပေးနေသည့် မှတ်တမ်းဓာတ်ပုံများ










- အမိန့်အမှတ်၊ ၁၇/၂၀၂၂ နိုင်ငံတော်အတွင်းတရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော AA အဖွဲ့ဝင်များနှင့် ဆက်စပ်သူ (၄၆) ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန်အမိန့် ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ (၁)တို့အရ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သည့် အကျဉ်းသား/သူများအား အကျဉ်းထောင်မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးကာ စနစ်တကျ လွှတ်ပေးခဲ့ပြီး ၎င်းတို့၏ သက်ဆိုင်ရာမြို့နယ်များအလိုက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးသော မော်တော်ယာဉ်များဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁၂-၂-၂၀၂၂)**

- **စိန်ရတုပြည်ထောင်စုနေ့ အထိမ်းအမှတ်အားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၄၀၁၊ ပုဒ်မခွဲ (၁) အရ အင်းစိန်ဗဟိုအကျဉ်းထောင်မှ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ဖြင့် လွတ်မြောက်သည့် အကျဉ်းသား/သူများအား အကျဉ်းထောင်မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးကာ စနစ်တကျ လွှတ်ပေးခဲ့။**
- **နိုင်ငံတော်အတွင်းတရားရုံးအသီးသီးတွင် တရားစွဲဆိုထားဆဲဖြစ်သော AA အဖွဲ့ဝင်များနှင့် ဆက်စပ်သူ (၄၆) ဦး၏ တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်း၍ တရားခံများအား အမှုမှလွှတ်ရန် အမိန့်ထုတ်ပြန်ခဲ့။**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွေ့ဆုံ



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များသည် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဖေဖော်ဝါရီလ ၁၃ ရက် နံနက်ပိုင်းတွင် အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ကော်မတီအဖွဲ့ဝင်များ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ စုစုပေါင်း (၉) ဖွဲ့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားမှုအခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိစ္စများ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်ဖက်ဆက်လက်တွေ့ဆုံညှိနှိုင်းရေးကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များမှ တစ်ဖွဲ့ချင်းစီ၏ သဘောထားများကို အလွတ်သဘောဆွေးနွေးပြောကြားခဲ့ပါသည်။

မွန်းလွဲပိုင်းတွင် ညှိနှိုင်းရေးကော်မတီသည် တက်ရောက်လာကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအား သီးခြားစီတွေ့ဆုံကာ နယ်မြေတည်ငြိမ်အေးချမ်းရေးကိစ္စများ၊ ဒေသဖွံ့ဖြိုးရေး၊ ကျန်းမာရေးနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြပြီး လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၂-၂၀၂၂)**

- **ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ထားမှုအခြေအနေ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိစ္စများ၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ နှစ်ဖက်ဆက်လက်တွေ့ဆုံညှိနှိုင်းရေးကိစ္စများ၊ ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းကိစ္စများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ကိုယ်စားလှယ်များမှ တစ်ဖွဲ့ချင်းစီ၏ သဘောထားများကို အလွတ်သဘောဆွေးနွေးပြောကြားခဲ့။**

# နိုင်ငံရေးပါတီ(၂၆)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြေညာချက်အမှတ်(၁/၂၀၂၂)ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ(၆) ရက်တွင် ထုတ်ပြန်ခဲ့သည့်အပေါ် နိုင်ငံရေးပါတီ (၂၆) ပါတီက ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံရေးပါတီ(၂၆)ပါတီ၏ ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက် ကောက်နုတ်ချက်မှာ-

- ဤဖိတ်ခေါ်ချက်သည် သက်ဆိုင်သူအားလုံးက နှုတ်မှပြောဆို၊ တောင်းဆိုနေကြသော ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးများကို တရားဝင်ဆွေးနွေးပြောဆိုနိုင်မည့် ထာဝရငြိမ်းချမ်းရေး အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ရန် အာမခံထား။
- နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ စစ်ရေးနည်းဖြင့် ဖြေရှင်းနည်းအစား စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာရေး အာမခံချက်ဖြစ်သည်ဟုလည်း ရှုမြင်။
- တိုင်းရင်းသား၊ နိုင်ငံသားအားလုံးအတွက် အလေးအမြတ်ပြု တန်ဖိုးထားရမည့် စိန်ရတုပြည်ထောင်စုနေ့ကို အကြောင်းပြု၍ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သော ငြိမ်းချမ်းရေးအတွက် ဤဖိတ်ခေါ်ချက်ကို မိမိတို့နိုင်ငံရေးပါတီများက ဂုဏ်ယူတန်ဖိုးထားစွာ ကြိုဆိုအပ်။
- ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် နိုင်ငံသား၊ တိုင်းရင်းသားအားလုံး၏ အကျိုးအလို့ငှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်ခြင်း၊ ဆွေးနွေးဖလှယ်ခြင်းဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ပေးကြပါရန် သဘောထားထုတ်ပြန်ခဲ့။

ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့သည့် နိုင်ငံရေးပါတီ(၂၆)ပါတီမှာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ၊ အမျိုးသားတိုးတက်ရေးပါတီ၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)၊ ခေတ်သစ်ပြည်သူ့ပါတီ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ပါတီ၊ ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ၊ မြို့တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၊ ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ၊ ခေတ်သစ်ပြည်ထောင်စုပါတီ၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးပါတီ၊ ၈၈ မျိုးဆက်ဒီမိုကရေစီပါတီ၊ ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်သူ့အင်အားပါတီ၊ လူထုပါတီ၊ ပြည်သူ့အလုပ်သမားပါတီ၊ မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ၊ အမျိုးသားတိုးတက်မြင့်မားရေးပါတီ၊ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ၊ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမားအလုပ်သမားပြည်သူ့ပါတီ၊ အမျိုးသားညီညွတ်သောဒီမိုကရက်တစ်ပါတီ(အန်၊ ယူ၊ ဒီ)တို့ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၀-၂-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်းကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၆) ရက်တွင် ထုတ်ပြန်ခဲ့။**
- **ဤဖိတ်ခေါ်ချက်သည် သက်ဆိုင်သူအားလုံးက နှုတ်မှပြောဆို၊ တောင်းဆိုနေကြသော ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေးများကို တရားဝင်ဆွေးနွေးပြောဆိုနိုင်မည့် ထာဝရငြိမ်းချမ်းရေးအကြိုညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ရန် အာမခံထား။**
- **နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ စစ်ရေးနည်းဖြင့် ဖြေရှင်းနည်းအစား စားပွဲဝိုင်းတွင် ဆွေးနွေးအဖြေရှာရေးအာမခံချက်ဖြစ်သည်ဟုလည်း ရှုမြင်။**
- **တိုင်းရင်းသား၊ နိုင်ငံသားအားလုံးအတွက် အလေးအမြတ်ပြု တန်ဖိုးထားရမည့် စိန်ရတုပြည်ထောင်စုနေ့ကို အကြောင်းပြု၍ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သော ငြိမ်းချမ်းရေးအတွက် ဤဖိတ်ခေါ်ချက်ကို မိမိတို့နိုင်ငံရေးပါတီများက ဂုဏ်ယူတန်ဖိုးထားစွာကြိုဆို။**

- ပြည်ထောင်စုနိုင်ငံတော်ကြီးနှင့် နိုင်ငံသား၊ တိုင်းရင်းသားအားလုံး၏ အကျိုးအတွက် စိန်ရတုပြည်ထောင်စုနေ့သို့ သက်ဆိုင်သူအားလုံး တက်ရောက်ခြင်း၊ ဆွေးနွေးဖလှယ်ခြင်းဖြင့် ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ပေးကြပါရန် နိုင်ငံရေးပါတီ(၂၆)ပါတီက ပူးတွဲသဘောထားထုတ်ပြန်ကြေညာချက် ထုတ်ပြန်ခဲ့။

## ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်းနှင့်စပ်လျဉ်း၍ ဘာသာရေး၊ လူမှုရေးအသင်းအဖွဲ့များမှ ဖိတ်ခေါ်ပန်ကြားချက်များထုတ်ပြန်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကြေညာချက် အမှတ်(၁/၂၀၂၂)ဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီတို့မှ ဖိတ်ခေါ်ပန်ကြားချက်များ ထုတ်ပြန်ခဲ့ပါသည်။

- အဆိုပါကြေညာချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ရေးရှုနိုင်ရေးအကြိုညှိနှိုင်းဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံပါကြောင်း ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး YMBA က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၉) ရက် ရက်စွဲဖြင့်လည်းကောင်း။
- ထိုသို့ကြေညာချက်ထုတ်ပြန်ခြင်းကို သဘောတူထောက်ခံကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးကို ရေးရှုသည့်ဆွေးနွေးပွဲသို့ တက်ရောက်နိုင်ပါရန်နှင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်နိုင်ကြပါရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့ကို အလေးအနက်ထား၍ ပန်ကြားအပ်ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် ရက်စွဲဖြင့်လည်းကောင်း။
- ထိုသို့ကြေညာချက်ထုတ်ပြန်ခြင်းကို အပြည့်အဝသဘောတူထောက်ခံကြောင်းနှင့် ထာဝရငြိမ်းချမ်းရေးကို ရေးရှုသည့်ဆွေးနွေးပွဲသို့ တက်ရောက်နိုင်ပါရန်နှင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီတက်ရောက်နိုင်ကြပါရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့ကို အလေးအနက်ထား၍ တိုက်တွန်းပန်ကြားအပ်ကြောင်း မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် ရက်စွဲဖြင့်လည်းကောင်း။
- အဆိုပါကြေညာချက်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် အကြိုညှိနှိုင်းဆွေးနွေးပွဲနှင့် (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ကြပါရန် တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံပါကြောင်း မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က လည်းကောင်း။
- အဆိုပါကြေညာချက်သည် မြန်မာနိုင်ငံတော်ကြီး ထာဝရငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန်နှင့် ဆွေးနွေးရာတွင် ဆွေးနွေးမည့်အကြောင်းအရာနှင့်ပတ်သက်၍ ကန့်သတ်ချက်မထားဘဲ လွတ်လွတ်လပ်လပ်နှီးနှောဖလှယ်နိုင်ရန် ရည်ရွယ်ထားပြီး မြန်မာနိုင်ငံတော်ကြီး အမြန်ငြိမ်းချမ်းလျက် ထာဝရငြိမ်းချမ်းရေးပန်းတိုင်ဆီသို့ စတင်လျှောက်လှမ်းနိုင်မည့် ခြေလှမ်းသစ်ဖြစ်သည်ဟု မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်အနေဖြင့် ယုံကြည်မျှော်လင့်မိကြောင်းနှင့် တိုင်းရင်းသားအဖွဲ့အစည်းအသီးသီးအနေဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ရေးရှုဆွေးနွေးနိုင်ရေး ဆွေးနွေးပွဲနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်နိုင်ကြပါရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်သာယာစည်ပင်စေရေး အတူလက်တွဲဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ကြပါရန် တစ်နိုင်ငံလုံးရှိ ဟိန္ဒူဘာသာဝင်များကိုယ်စား တိုက်တွန်းနှိုးဆော်မေတ္တာရပ်ခံအပ်ကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးအဖွဲ့ချုပ်က လည်းကောင်း။

- ထာဝရငြိမ်းချမ်းရေးအတွက် အားထုတ်ကြိုးပမ်းခြင်းကိစ္စများတွင် သက်ဆိုင်သူခေါင်းဆောင်များအားလုံး ပါဝင်လုပ်ဆောင်ကြပါရန် ဘုရားသခင်၏ မေတ္တာအားဖြင့် အနူးအညွတ်ပန်ကြားအပ်ကြောင်းနှင့် ငြိမ်းချမ်းစေတတ်သောသူတို့သည် မင်္ဂလာရှိကြ၏အကြောင်းမူကား ထိုသူတို့သည် ဘုရားသခင်၏သားတော်များဟု ခေါ်ဝေါ်ခြင်းကို ခံရကြလတ္တံ့ဟု မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီကလည်းကောင်း ဖိတ်ခေါ်ပန်ကြားချက်များ ထုတ်ပြန်ခဲ့။

အဆိုပါကြေညာချက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတို့သည် မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးဖြစ်သည့် နိုင်ငံရေးပြဿနာများကို ဒီမိုကရေစီကျင့်စဉ်များနှင့်အညီ ဖြေရှင်းနိုင်ရေးအတွက် ထာဝရငြိမ်းချမ်းရေးကို ရှေးရှု၍ ဆွေးနွေးနိုင်ရန် ဖိတ်ခေါ်ခြင်းနှင့် (၇၅)နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့နှင့်ကြုံကြိုက်သည့် အခါသမယတွင် စည်ကားသိုက်မြိုက်စွာကျင်းပမည့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ အချိန်မီ တက်ရောက်ကြပါရန် ဖိတ်ခေါ်ထားခြင်းဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၁-၂-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်းနှင့်စပ်လျဉ်း၍ ဗုဒ္ဓဘာသာသာကလျာဏယုဝအသင်းကြီး YMBA၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည် ညီညွတ်ရေးအဖွဲ့(ဗဟို)၊ မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီတို့မှ အပြည့်အဝသဘောတူညီကြောင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးတက်ရောက်ရန် အလေးအနက်ထား ဖိတ်ခေါ်ပြန်ကြားချက်များ ထုတ်ပြန်ခဲ့။**

## ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲပြုလုပ်






၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ရာတွင် မြို့နယ်အသီးသီးမှ ပြည်သူများက နိုင်ငံတော်အလံနှင့် တပ်မတော်အလံများကိုင်ဆောင်၍ "**တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှအရေးကြီးကြောင်း**" စာသားပါ ဆိုင်းဘုတ်ကို စိုက်ထူကာ "ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး"ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ ထောက်ခံပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ဟောပြောခြင်းများဖြင့် အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၂-၂-၂၀၂၂)**





- ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ဖေဖော်ဝါရီလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၌ ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့။
- မြို့နယ်အသီးသီးမှ ပြည်သူများက "ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး"ကြွေးကြော်သံများ ကြွေးကြော်ခဲ့ပြီး အေးချမ်းစွာ ဆန္ဒထုတ်ဖော်ခဲ့။

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ဆက်လက်ဆောင်ရွက်လျက်ရှိ





ပုသိမ်မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း အောက်ဆီဂျင်စက်ရုံဖွင့်ပွဲကျင်းပနေမှု

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော Quarantine Center များအား ဆက်လက်ဖွင့်လှစ်ပေးခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးပေးခြင်းတို့အား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်-

- ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၁၃ ရက်အထိ လူဦးရေစုစုပေါင်း ၂၂ ဒသမ ၈ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ ၁၉ ဒသမ ၇၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၀၆ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေစုစုပေါင်း ၄၃ ဒသမ ၀၆ သန်းထိုးနှံပြီးဖြစ်။
- ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၅၀၅,၇၂၆ ဦးရှိ။



**ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များက လှိုင်မြို့နယ်၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများ ထားရှိမည့်နေရာ ပြင်ဆင်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေးနေမှု**

- မြန်မာနိုင်ငံ၌ ၁၃-၂-၂၀၂၂ ရက်အထိ အိုမီခရွန်ရောဂါပိုး တွေ့ရှိသူစုစုပေါင်း ၃၄၈ ဦးတွင် ပြည်ပမှ Relief Flight များဖြင့် ပြန်လည်ဝင်ရောက်လာသူ ၂၆၄ ဦးနှင့် ပြည်တွင်း ကူးစက်ခံရသူ ၈၄ ဦးတို့ဖြစ်ပါသည်။ ပြည်ပမှ ပြန်လည်ဝင် ရောက်လာသူ ၂၆၄ ဦးမှာ မြန်မာနိုင်ငံသား ၂၄၄ ဦးနှင့် နိုင်ငံခြားသား ၂၀ ဦးတို့ဖြစ်ပါသည်။
- ဖေဖော်ဝါရီလ ၉ ရက်တွင် ပုသိမ်မြို့နယ်ပြည်သူ့ဆေးရုံဝင်း ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှ စုပေါင်းလှူဒါန်းသည့် အောက်ဆီဂျင်စက် ရုံများနှင့် Ayeyarwady Development Aid Public ကုမ္ပဏီ မှ လှူဒါန်းသည့် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲကို တိုင်းဒေသ ကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးခဲ့။
- ဖေဖော်ဝါရီလ ၁၁ ရက်တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက ရန်ကုန်တိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ တပ်မတော်ဆေးရုံများ၌ အောက်ဆီဂျင်စက်ရုံဆောက်လုပ် ပြီးစီးမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကုသရေးစင် တာ ပြင်ဆင်ထားရှိမှုများနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ စစ် ကြောရေးနှင့်တည်းခိုရေးစခန်း၊ နယ်မြေခံတပ်ရင်းများ၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများထားရှိရန် ကုသ ဆောင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့် ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက် ရှိရာ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဓာတ်ခွဲနမူနာ စုစုပေါင်း ၂၀,၈၅၀ ခုအားစစ်ဆေးခဲ့ပြီး၊ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁,၄၇၃ ဦးဖြင့် ရောဂါပိုးတွေ့ရှိမှု ၇.၀၆ ရာခိုင်နှုန်းရှိခဲ့ပါသည်။ ၁၃-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း ၆,၆၈၉,၈၂၄ ခု အားစစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၄၆,၇၇၁ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦးရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၄-၂-၂၀၂၂)**

- **ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ဖေဖော်ဝါရီလ ၁၃ ရက်အထိ လူဦးရေ စုစုပေါင်း ၂၂ ဒသမ ၈ သန်းအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့်ထိုးနှံပြီးစီးသူ ၁၉ ဒသမ ၇၄ သန်းနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ ၃ ဒသမ ၀၆ သန်းရှိကာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း ၄၃ ဒသမ ၀၆ သန်းထိုးနှံပြီးဖြစ်။**
- **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှ ဖေဖော်ဝါရီလ ၁၃ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး Booster စုစုပေါင်း ထိုးနှံပြီးစီးသူ ၅၀၅,၇၂၆ ဦးရှိ။**




**တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှု**

- တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် အဖွဲ့ဝင်များက တပ်မတော်ဆေးရုံများ၌ အောက်ဆီဂျင်စက်ရုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးစင်တာပြင်ဆင်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။
- ၁၃-၂-၂၀၂၂ ရက်အထိ ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၆၈၉,၈၂၄ ခုအား စစ်ဆေးခဲ့ရာ အတည်ပြုလူနာစုစုပေါင်း ၅၄၆,၇၇၁ ဦးနှင့် သေဆုံးသူစုစုပေါင်း ၁၉,၃၁၀ ဦး ဖြစ်ပြီး ၁၃-၂-၂၀၂၂ ရက်တွင် ရောဂါပိုးတွေ့ရှိမှု ၇.၀၆ ရာခိုင်နှုန်းရှိ။

## လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရန် ရည်ရွယ်လျက် PDF အကြမ်းဖက်သမားများက ရထားသံလမ်းပေါ်ရှိ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး



**ရေးမြို့နယ်၊ တော်ကမာကျေးရွာအနီးရှိ ရေး-မော်လမြိုင်သွား ရထားလမ်း၊ တံတား အမှတ် (၁၇၃) ရထားလမ်းသွား သံဘောင်ဘေလီတံတားအား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှု**

အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားသည့် NUG အဖွဲ့၏စေခိုင်းချက်ဖြင့် PDF အကြမ်းဖက်သမားများက လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်လျက် စစ်ရေးနှင့်မသက်ဆိုင်သည့် လမ်းတံတားများအား အကြောင်းမဲ့ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်လျက်ရှိရာ မွန်ပြည်နယ်အတွင်းရှိ ရထားသံလမ်းတံတား(၂) စင်းကို အောက်ပါအတိုင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်-



**ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြားရှိ ရန်ကုန်-မော်လမြိုင်သွားရထားလမ်း သံလမ်းကူးတံတား အမှတ် ၃၈ သံဖရိန်တံတားအား PDF အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့မှု**

- ဖေဖော်ဝါရီလ ၈ ရက်တွင် ရေးမြို့နယ်၊ တော်ကမာကျေးရွာအနီးရှိ သဃ်န်းကျွန်းချောင်းအား ဖြတ်သန်းဆောက်လုပ်ထားသည့် ရေး-မော်လမြိုင်သွား ရထားလမ်း၊ တံတားအမှတ် (၁၇၃) ရထားလမ်းသွား သံဘောင်ဘေလီတံတားအား PDF အကြမ်းဖက်သမား အမျိုးသား ၄ ဦးက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် တံတားအောက်ခံ ဘေလီဘောင် ၂ ချောင်းကွေး၍ တံတားဘေးကာ သံတိုင် ၂ ချောင်း ပြတ်ထွက်ပျက်စီးခဲ့။
- ဖေဖော်ဝါရီလ ၁၁ ရက်တွင် ကျိုက်ထိုမြို့နယ်၊ မရမ်းကျေးရွာ၊ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြားရှိ ရန်ကုန်-မော်လမြိုင်သွားရထားလမ်း သံလမ်းကူးတံတား အမှတ် ၃၈ (ပေ-၄၀) သံဖရိန်တံတားအား PDF အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ရာ မီးရထားသံလမ်း ဇလီဖားတုံး ၁၁ တုံးပျက်စီးခဲ့။

PDF အကြမ်းဖက်သမားများ၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ရထားလမ်းသွားတံတားများ ပျက်စီးခဲ့သဖြင့် မီးရထားခရီးစဉ်များအား ခေတ္တရပ်ဆိုင်းထားပြီး မီးရထားများ ပြန်လည်သွားလာနိုင်ရေးအတွက် ပျက်စီးသွားသောတံတားအား အမြန်ပြန်လည်ပြုပြင်နိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်လျက်ရှိပါသည်။ ထိုကဲ့သို့ လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရန် ရည်ရွယ်လျက် မီးရထားသံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**

- **ရေးမြို့နယ်၊ တော်ကမာကျေးရွာအနီးရှိ သဃ်န်းကျွန်းချောင်းအား ဖြတ်သန်းဆောက်လုပ်ထားသည့် ရေး-မော်လမြိုင်သွားရထားလမ်း၊ တံတားအမှတ် (၁၇၃) ရထားလမ်းသွား သံဘောင်ဘေလီတံတားအား PDF အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့။**
- **ကျိုက်ထိုမြို့နယ်၊ မရမ်းကျေးရွာ၊ မုပ္ပလင်ဘူတာနှင့် ကျိုက္ကသာဘူတာအကြားရှိ ရန်ကုန်-မော်လမြိုင်သွား ရထားလမ်းအား PDF အကြမ်းဖက်အဖွဲ့က လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့။**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အကြမ်းဖက်လုပ်ရပ်များ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဆက်လက်ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUGနှင့် ယင်းတို့၏လက်အောက်ခံ အဖွဲ့အစည်းများ၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် လိုက်ပါမလုပ်ဆောင်ရန် တားမြစ်ထားသော်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့ပြီး အကြမ်းဖက်လုပ်ရပ်များကို အားပေးလုပ်ဆောင်ခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဖမ်းဆီးအရေးယူခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ -

- ဖေဖော်ဝါရီလ ၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၌ ၅ ဦး စုစုပေါင်း ၇ ဦး။
- ဖေဖော်ဝါရီလ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၌ ၁ ဦး စုစုပေါင်း ၃ ဦး။
- ဖေဖော်ဝါရီလ ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၂ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၁ ဦးနှင့် ရှမ်းပြည်နယ်၌ ၁ ဦး စုစုပေါင်း ၄ ဦး။
- ဖေဖော်ဝါရီလ ၁၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၌ ၁ ဦးနှင့် မန္တလေးတိုင်းဒေသကြီး၌ ၁၁ ဦး စုစုပေါင်း ၁၂ ဦး။
- ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၂ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၉၆ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၆၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၆ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၅ ဦး၊ ကရင်ပြည်နယ်၌ ၆ ဦး၊ ရှမ်းပြည်နယ်၌ ၁၀ ဦး၊ ကရင်ပြည်နယ်၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၂၁၂ ဦးအား ဥပဒေနှင့်အညီ အရေးယူထားပါသည်။


ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်ကာ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**


- **ဇန်နဝါရီလ ၂၇ ရက်မှ ဖေဖော်ဝါရီလ ၁၂ ရက်ထိ နေပြည်တော်ကောင်စီနယ်မြေ၌ ၄ ဦး၊ ရန်ကုန်တိုင်းဒေသကြီး၌ ၉၆ ဦး၊ မန္တလေးတိုင်းဒေသကြီး၌ ၆၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး၌ ၆ ဦး၊ မကွေးတိုင်းဒေသကြီး၌ ၃ ဦး၊ ပဲခူးတိုင်းဒေသကြီး၌ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီး၌ ၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီး၌ ၅ ဦး၊ ကရင်ပြည်နယ်၌ ၆ ဦး၊ ရှမ်းပြည်နယ်၌ ၁၀ ဦး၊ ကရင်ပြည်နယ်၌ ၁ ဦးနှင့် မွန်ပြည်နယ်၌ ၁ ဦး စုစုပေါင်း ၂၁၂ ဦးအား ဥပဒေနှင့်အညီ အရေးယူထား။**

## အကြမ်းဖက်အဖွဲ့အစည်းများဖြင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့ခြင်းနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေများအတွင်း၌ စစ်သင်တန်းတက်ရောက်ခဲ့သူများအား ပြစ်ဒဏ်အသီးသီးချမှတ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ သန်းဦး၊ မြောက်ဥက္ကလာပမြို့နယ်နေ ဆုရည်ပိုင်နှင့် မြင့်ဇော်တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများဖြင့် ဆက်သွယ်ခြင်း/ငွေကြေးထောက်ပံ့ခြင်း၊ ဆူပူဆန္ဒပြသောင်းကျန်းမှုများတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခြင်းနှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍



**တရားခံ ဆုရည်ပိုင်(ထောင်ဒဏ်တစ်သက်)**



**တရားခံ သန်းဦး(ထောင်ဒဏ်တစ်သက်)**



**တရားခံ မြင့်ဇော်(ထောင်ဒဏ်တစ်သက်)**

စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၀(ည)အရ ၎င်းတို့အား “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ်ကို အသီးသီးအမိန့်ချမှတ်လိုက်ကြောင်း သိရှိရပါသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁၃-၂-၂၀၂၂)**

- **အကြမ်းဖက်အဖွဲ့အစည်းများဖြင့် ဆက်သွယ်ခြင်း/ငွေကြေးထောက်ပံ့ခြင်းနှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း၌ သင်တန်းတက်ရောက်ခဲ့သည့် သန်းဦး၊ ဆုရည်ပိုင်နှင့် မြင့်ဇော်တို့အား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မအရ “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ်ကို အသီးသီးအမိန့်ချမှတ်ခဲ့။**